မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

February 13 , 2023 Volume 63, Number 9

၁၃.၂.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၆၀ US$ |
| မြန်မာ့ရွှေဈေး | = ၂၈၆၇၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၂၈၆၅ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၄၂.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၇၅.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၂၈.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၅၃.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၇.၅၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၈၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၄.၅၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၈၁.၃၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၉၆၅ ကျပ် |

Source: CBM Rate, etrademyanmar.com

## ကိုဗစ်ကာလအလွန် ဂျပန်သို့ ရွှေအချောထည်ပစ္စည်းပြန်လည်တင်ပို့ရန် ပြင်ဆင်နေ

ကိုဗစ်ကာလအတွင်း ဂျပန်ကိုတင်ပို့မှုရပ်နားထားသည့် ရွှေအချောထည်ပစ္စည်းများကို ပြန်လည်တင်ပို့ရန် ပြင်ဆင်နေကြောင်း ရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်များအသင်းမှ သိရသည်။

"အရင်ကလည်းတောက်လျှောက်ပို့တယ်။ ဟိုဘက်ကလည်းဝယ်တယ်။ ကိုဗစ်ကာလမှာ နားသွားကြတယ်။ အခုတော့ ဟိုကပြန်ဝယ်မယ်ဆိုပြီး ကမ်းလှမ်းလာတာတွေရှိတယ်။ ဒီဘက်ကလည်း ရောင်းဖို့အဆင်သင့်ရှိတယ်။ ဒါပေမယ့် ကိုဗစ်စည်းကမ်းနဲ့ပဲ အဝင်အထွက်တွေမှာ ကြည့်အုံးမယ်ပြောတယ်။ သူတို့ပစ္စည်းလာရွေးမယ်၊ ဒါဟာ ကိုဗစ်ကာလအလွန်မှာ ပထမဦးဆုံးပြန်လည်ရောင်းချတာဖြစ်ပါတယ်"ဟု ရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်များအသင်းမှ ဥက္ကဋ္ဌ ဦးမျိုးမြင့်က ပြောသည်။

လက်ရှိတွင် ကမ္ဘာ့ရွှေဈေးမှာအတက်အကျရှိနေသော်လည်း ပြည်တွင်းရွှေဈေးကွက်မှာအေးနေကြောင်း၊ ယင်းအပြင် ရန်ကုန်ဈေးကွက်အတွင်းသို့ တွင်းတွေကထွက်ရှိသည့်ရွှေများနှင့် နယ်ဘက်မှ အထည်ပျက်များ အရောင်းများလာပြီး ရွှေဈေးတန်းတွင် ပစ္စည်းပေါပေါများများရှိသည့်အတွက် ရွှေဈေးငြိမ်နေခြင်းဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

ယနေ့(ဖေဖော်ဝါရီလ ၁၀ ရက်) ကမ္ဘာ့ရွှေဈေးတစ်အောင်စတွင်ဒေါ်လာ ၁၈၅၅ ဖြစ်ပြီး ငွေလဲနှုန်းမှာလည်း တစ်ဒေါ်လာကို ၂၈၅၀ ကျပ်ဖြစ်ကြောင်း၊ ယင်းအပြင် အသင်းကထုတ်ပြန်ထားသည့် ရည်ညွှန်းဈေးနှုန်းမှာလည်း အကယ်ဒမီမီးလင်းရွှေ တစ်ကျပ်သားလျှင် ၂၁၈၅၄၀၀ ရှိကြောင်းသိရသည်။

ယင်းအပြင် ဝယ်သူအချို့မှ ပြန်လည်ရောင်းချရာတွင် ကာလပေါက်ဈေးနှင့်ခွာ၍ ဝယ်ယူမှုများရှိနေသည်ကို မေးမြန်းရာတွင် "အဲဒါကတော့ ရွှေပေါ်မှာပဲ မူတည်ပါတယ်။ သူက ၁၄ ပဲရည်လား၊ ၁၅ ပဲရည်လား၊ ၁၃ ပဲရည်လား၊၁၂ ပဲရည်လား အဲဒီပေါ်မှာ မူတည်ပြီးတော့ သွားတာရှိပါတယ်။ တစ်ချို့ကျတော့ ပန်းတိမ်နည်းပညာပေါ့။ များတာတွေ၊ နည်းတာတွေရှိတာပေါ့။ အဓိက ရွှေအရည်အသွေးပေါ်ပဲ မူတည်ပါတယ်" ဟု ဦးမျိုးမြင့်ကအထက်ပါအတိုင်း ပြန်လည်ဖြေကြားခဲ့သည်။

Source: https://www.popularmyanmar.com/?p=102834

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## ဇန်နဝါရီလအတွင်း ပြည်တွင်းကုမ္ပဏီ ၄၉ ခုမှ ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် ၂၆၀၀၀၀ ကျော် တင်ပို့ရောင်းချခဲ့


MRF

Monthly Export of Rice and Broken Rice
(January 2023)

- Rice & Broken Rice Exporter Companies - 49 Companies
- Total Export Volume - 268835MT
- RICE & BROKEN RICE
  - Total Rice Export - 171811 MT
  - Total Broken Rice export - 97024 MT
- TRADE ROUTES
  - Total Overseas Trade - 222414 MT
  - Total Border Trade - 46421 MT

https://www.popularmyanmar.com/?p=102812

ပြည်တွင်းကုမ္ပဏီ ၄၉ ခုမှ ပြည်ပနိုင်ငံများသို့ ဇန်နဝါရီလအတွင်း ဆန်နှင့်ဇကွဲ တန်ချိန် ၂၆၀၀၀၀ ကျော်တင်ပို့ရောင်းချခဲ့သည်ဟု မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်မှ သိရသည်။

ဇန်နဝါရီလအတွင်း ဆန်တန်ချိန် ၁၇၁၈၁၁ တန်အား ပြည်ပနိုင်ငံ ၂၇ နိုင်ငံနှင့် ဇကွဲ ၉၇၀၂၄ တန်အား ပြည်ပနိုင်ငံ ၄၁ နိုင်ငံသို့ တင်ပို့ရောင်းချခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ တင်ပို့ရောင်းချရာ၌ တရုတ်၊ဘင်္ဂလားဒေ့ရှ်၊ ဖိလစ်ပိုင်၊ စပိန်နှင့် ဘူဂေးလ်ရီးယားနိုင်ငံတို့မှ မြန်မာနိုင်ငံမှတင်ပို့သည့် ဆန်များအား အများဆုံး ဝယ်ယူကာ ဆန်ကွဲအား တရုတ်၊ ဘယ်လ်ဂျီယမ်၊ ယူနိုက်တက်ကင်းဒမ်း၊ နယ်သာလန်နှင့်စပိန်နိုင်ငံတို့မှ အများဆုံး ဝယ်ယူခဲ့ကြကြောင်း သိရသည်။

ဆန်နှင့်ဇကွဲများအား ပြည်ပသို့တင်ပို့ရောင်းချရာ၌ ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းနှင့် နယ်စပ် ကုန်သွယ်ရေးလမ်းကြောင်းတို့မှတဆင့် တင်ပို့ရောင်းချခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Source:** https://www.popularmyanmar.com/?p=102812

## ၆.၂.၂၀၂၃ မှ ၁၀.၂.၂၀၂၃ နေ့အထိ ဈေးကွက်သုံးသပ်ချက်




**မတ်ပဲ**

မတ်ပဲက ပြီးခဲ့တဲ့အပတ်နဲ့နှိုင်းယှဉ်ရင် ဈေးအပြောင်းအလဲမရှိပေမယ့် တစ်ပတ်အတွင်း မှာတော့ မတ်ပဲဈေးဟာ ၁၈ သိန်းအောက်ထိ ပြန်လည်ကျဆင်းသွားခဲ့ပါတယ်။ ရက်ပိုင်း အတွင်း ဒေါ်လာဈေး အတက်အကျရှိနေတဲ့အပြင် အဝယ်ပြန်လိုက်လာတယ်လို့ ကုန်သည် အချို့ကဆိုပါတယ်။ မတ်ပဲဈေးတက်နေတာဟာ အတက်ဈေးနဲ့လှောင်လက်တွေက ဈေးဆွဲတင်နေတာလို့ ကုန်သည်အချို့က သုံးသပ်ပြီး အရောင်းရှိပေမယ့် အဝယ်မရှိလို့ ဈေးတွေ ပြန်ကျဆင်းသွားခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲက သောကြာနေ့ဈေးနှုန်း ၁၈ သိန်း ၂ သောင်းပေါက်ဈေးရှိနေပြီး ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင် ဈေးကွာခြားမှုမရှိပါဘူး။

မန္တလေးဈေးကွက်မှာတော့ တစ်အိတ်ကို ၁၇၉၀၀၀ ကနေ ၁၈၀၀၀၀ ပေါက်ဈေးရှိပြီး ဈေးငြိမ်ပါတယ်။ မုံရွာဈေးကွက်၊ အောင်လံဈေးကွက်၊မော်လမြိုင်ဈေးကွက်၊ ပြည်ဈေးကွက်တို့မှာ မတ်ပဲက တစ်တင်းကို ၅၉၅၀၀ ကနေ ၆၁၅၀၀ ကြား ပေါက်ဈေးရှိပြီး တစ်ပတ်အတွင်းမှာတော့ ၁၅၀၀ လောက်ဈေးမြင့်တက်လာပါတယ်။

**ပဲစင်းငုံနီ**

ပဲစင်းငုံနီကတော့ တစ်တန်ကို သိန်း ၂၀ ကျော်ထိ ဈေးမြင့်တက်လာပါတယ်။ ဈေးကွက်အတွင်းမှာ ပဲစင်းငုံနီ လက်ကျန် ပြတ်တဲ့အထိ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ပဲမရှိတော့တဲ့အတွက် ဈေးတွေ ဆက်တိုက်မြင့်တက်လာတာဖြစ်တယ်လို့ ပဲကုန်သည် တွေက ဆိုပါတယ်။

ပဲစင်းငုံနီကတော့ လက်ရှိမှာ အိန္ဒိယဝယ်လိုအားရှိနေတဲ့အပြင် တရုတ်နိုင်ငံတင်ပို့မှုလည်းရှိနေတာဖြစ်လို့ ဈေးက ဆက်ပြီးတက်ဦးမယ်လို့ ပဲကုန်သည်တွေက သုံးသပ်ထားပါတယ်။ ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာ ပဲစင်းငုံနီက တစ်တန်ကို သိန်း ၂၀ ကျော်အထိ ဈေးမြင့်တက်လာပြီး ပြီးခဲ့တဲ့ အပတ်နဲ့နှိုင်းယှဉ်ရင် တစ်တန်ကို ၅ သောင်းကျော်ဈေးတက်လာပါတယ်။

မန္တလေးဈေးကွက်မှာလည်း တစ်အိတ်ကို ၁၈၈၀၀၀ ကနေ ၁၈၉၀၀၀ ပေါက်ဈေးရှိပြီး ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင် တစ်အိတ် ကို ၅၀၀၀ ကျပ်ဈေးတက်လာပါတယ်။ နယ်ဈေးကွက်တွေဖြစ်တဲ့ ပခုက္ကူ၊ မုံရွာနှင့် အောင်လံဈေးကွက်မှာတော့ တစ်တင်းကို ၆၀၀၀၀ ကနေ ၆၃၅၀၀ ပေါက်ဈေးရှိပြီး တစ်တင်းကို ၂၀၀၀ လောက်ဈေးတက်လာပါတယ်။

**ပဲတီစိမ်း**

ပဲတီစိမ်းကတော့ ရန်ကုန်ဈေးကွက်မှာ ဈေးတွေ ဆက်တိုက်မြင့်တက်လာပြီး နယ်ဈေးကွက်မှာတော့ ဈေးကျဆင်း ဈေးပြန်ငြိမ်သွားပါတယ်။ နှစ်ကူးပိတ်ရက်အပြီး အရောင်းအဝယ်တွေ ပုံမှန်ပြန်ဖြစ်လာပြီး ဈေးလည်းငြိမ်သွားတာဖြစ်ပါတယ်။

ရန်ကုန်ဈေးကွက်မှာ ပဲတီစိမ်း(ပဲခူးရွှေဝါ၊ ခရမ်းရွှေဝါ၊ ဝါးခယ်မ )တို့က တစ်ပိဿာကို ၂၇၅၀ ကနေ ၃၇၅၀ကြား ပေါက်ဈေးရှိနေပြီး တစ်ပိဿာကို ၆၀၀ ကျပ် ဈေးတက်လာပါတယ်။

မန္တလေးဈေးကွက်မှာတော့ ပဲတီစိမ်း(အညာ)က တစ်အိတ်ကို ၁၄၅၀၀၀ ကနေ ၁၆၀၀၀၀ ကြား ပေါက်ဈေးရှိနေပြီး တစ်အိတ်ကို ၁၀၀၀၀ ကျပ် ဈေးကျဆင်းသွားပါတယ်။ ခရမ်းရွှေဝါတို့ကလည်း တစ်အိတ်ကို ၁၉၀၀၀၀ ကနေ ၂၁၅၀၀၀ ကြားပေါက်ဈေးရှိနေပြီး တစ်အိတ်ကို ၁၅၀၀၀ ကျပ်ဈေးကျဆင်းသွားပါတယ်။။

မုံရွာဈေးကွက်မှာတော့ ပဲတီစိမ်းသေးက တစ်တင်းကို ၄၃၀၀၀ ပေါက်ဈေးရှိနေပြီး တစ်တင်းကို ၁၅၀၀ ကျပ် ဈေးကျဆင်းသွားပါတယ်။ အောင်လံဈေးကွက်မှာလည်း တစ်တင်းကို ၅၇၀၀၀ ကြားပေါက်ဈေးရှိနေပြီး ဈေးငြိမ်ပါတယ်။

**မြေပဲဆန်**

မြေပဲဆန်ကတော့ ဆက်ပြီးဈေးမြင့်တက်နေပါတယ်။ ပြည်ပကနေ အဝယ်ရှိတယ်လို့သိရပြီး ပြည်တွင်းမှာလည်း လက်ကျန်နည်းနေပြီး ဆီစက်ပိုင်ရှင်တွေကလည်း ဝယ်ယူသိုလှောင်မှုတွေ ပြုလုပ်နေတယ်လို့ သိရပါတယ်။

မန္တလေးဈေးကွက်မှာ မြေပဲလုံးဆန်နီက တစ်ပိဿာကို ၇၂၀၀ ကနေ ၇၆၀၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၁၀၀ ကျပ် ဈေးတက်လာပါတယ်။

မုံရွာဈေးကွက်မှာတော့ မြေပဲလုံးဆန်နီက တစ်ပိဿာကို ၇၂၅၀ ကနေ ၇၃၅၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၅၀ ကျပ်၊ မြေပဲလုံးဆန်ဖြူကတော့တစ်ပိဿာကို ၆၅၀၀ ကနေ ၆၆၀၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၃၀၀ ကျပ်ဈေးတက်လာပါတယ်။

အောင်လံဈေးကွက်မှာလည်း မြေပဲလုံးဆန်ဖြူက တစ်ပိဿာကို ၆၃၀၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၃၀၀ကျပ် ဈေးတက်လာသလို မြေပဲလုံးဆန်နီက တစ်ပိဿာကို ၇၀၀၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၂၀၀ ကျပ် အသီးသီး ဈေးမြင့်တက်လာပါတယ်။

**နှမ်းမျိုးစုံ**

နှမ်းမျိုးစုံကတော့ဆက်တိုက်ဈေးမြင့်တက်နေရာကနေ ဒီတစ်ပတ်မှာတော့ ဈေးအနည်းငယ်ပြန်ကျဆင်းသွားပါတယ်။ ဈေးကွက်အတွင်း အရည်အသွေးကောင်းတဲ့နှမ်းတွေ ရှားပါးလာပြီး အဝယ်နည်းသွားလို့ ဈေးတွေကျဆင်းသွားတယ်လို့ သိရပါတယ်။

**နှမ်းနက်(စမုံ)**

မန္တလေးဈေးကွက်မှာ နှမ်းနက်(စမုံ)က တစ်အိတ်ကို ၂၇၅၀၀၀ကနေ ၃၁၀၀၀၀ ပေါက်ဈေးရှိပြီး၊ တစ်အိတ်ကို ၁၀၀၀၀ ကျပ် ဈေးကျဆင်းသွားပါတယ်။ အောင်လံဈေးကွက်မှာလည်း တစ်အိတ်ကို ၂၅၀၀၀၀ ကနေ ၂၇၀၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၂၀၀၀၀ ကျပ်၊ ပခုက္ကူဈေးကွက်မှာတော့ တစ်တင်းကို ၆၈၀၀၀ ကနေ ၈၆၀၀၀ ပေါက်ဈေးရှိပြီး တစ်တင်းကို ၆၀၀၀ ကျပ် အသီးသီးဈေးကျဆင်းသွားပါတယ်။

**နှမ်းဖြူ**

နှမ်းဖြူကတော့ မန္တလေးဈေးကွက်မှာ တစ်အိတ်ကို ၃၁၀၀၀၀ ကနေ ၃၂၀၀၀၀ ပေါက်ဈေးရှိနေပြီး တစ်အိတ်ကို ၅၀၀၀ ကျပ် ဈေးကျဆင်းသွားပါတယ်။ အောင်လံဈေးကွက်မှာတော့ တစ်အိတ်ကို ၂၅၀၀၀၀ နဲ့ဈေးငြိမ်နေပါတယ်။ မုံရွာဈေးကွက်မှာတော့ တစ်တင်းကို ၁၀၀၀၀၀ ကနေ ၁၀၃၀၀၀ ပေါက်ဈေးရှိနေပြီး တစ်တင်းကို ၃၀၀၀ ကျပ် ဈေးတက်လာပါတယ်။

**နှမ်းညို**

နှမ်းညိုကလည်း မန္တလေးဈေးကွက်မှာတော့ တစ်အိတ်ကို ၂၄၈၀၀၀ ကနေ ၂၅၅၀၀၀ ပေါက်ဈေးရှိပြီး၊ တစ်အိတ်ကို ၂၀၀၀ ကျပ် ဈေးကျဆင်းပါတယ်။

**ပန်းနှမ်း**

ပန်းနှမ်းကတော့ဆက်တိုက်ဈေးမြင့်တက်နေရာမှာ အဝင်လည်း နည်းသွားတဲ့အတွက်ဈေးတွေ ပြန်ကျဆင်းသွားပါတယ်။ မန္တလေးဈေးကွက်မှာ တစ်အိတ်ကို ၁၇၀၀၀၀ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၅၀၀၀ ကျပ် ဈေးကျဆင်းသွားပါတယ်။ နှမ်းမျိုးစုံကတော့ ပြီးခဲ့တဲ့နှစ် ကာလတူ အခြေအနေနဲ့နှိုင်းယှဉ်ရင် သုံးတင်းဝင်တစ်အိတ်ကို ထက်ဝက်ကျော် ဈေးမြင့်တက်လာခဲ့ပါတယ်။

**Source: AMIA**

https://t.me/htwettoe

## ကြက်သွန်နီဈေးကွက် တစ်ပိဿာငွေကျပ် ၅၀၀ ဝန်းကျင်ကျဆင်း

မန္တလေးကြက်သွန်နီ ဈေးကွက်တွင် ဇန်နဝါရီတတိယပတ်မှစ၍ လက်ရှိအချိန်၌ လက်ကားဈေးတစ်ပိဿာလျှင် ငွေကျပ် ၅၀၀ ဝန်းကျင် ဈေးကျဆင်းလာကြောင်း ကိုင်းတန်းဈေးရှိ ကြက်သွန်နီဈေးကွက်မှ သိရသည်။

ယခု မန္တလေးဈေးကွက်သို့ ရောက်ရှိလာသောကြက်သွန်နီများမှာ နွေကြက်သွန်(အကြမ်း)ဖြစ်၍ ပြီးခဲ့သည့် ၃ လ ဝန်းကျင်က စိုက်ပျိုးထွက်ရှိသော ကြက်သွန်နီအသစ်များမှာ များသောအားဖြင့် အစိုများဖြစ်သည်ဟုဆိုသည်။ "ဒီ ၂ ပတ်အတွင်း အများကြီးဈေးကျတယ်။ ပြီးခဲ့တဲ့ရာသီက ကြက်သွန်နီကို မိုးကြက်သွန်လို့ခေါ်ပြီး မြိတ်စားဖြစ်တော့ အူတိုင်ပါတယ်။ စိုက်သူနည်းသလို ရာသီဥတုကြောင့် ထွက်နှုန်းနည်းခဲ့လို့ ဈေးကောင်းရခဲ့ကြတယ်။ ခု ကြက်သွန်က တစ်နှစ်လုံး လှောင်လို့ရတဲ့ ကြက်သွန်ဖြစ်သလို ဈေးကွက်ထဲ အတိုးပဲရှိမယ်" ဟု အဆိုပါဈေးရှိ ကြက်သွန်နီပွဲရုံပိုင်ရှင် ကိုမောင်ကပြောသည်။

လက်ရှိကြက်သွန်နီဈေးကွက်တွင် ပြီးခဲ့သည့် ဇန်နဝါရီ စတုတ္ထပတ်က တစ်ပိဿာ ဈေးနှုန်းများအရ ကြက်သွန်နီ(ထိပ်စ)မှာ ငွေကျပ် ၂၀၀၀ နှင့် အောက်စမှာ ငွေကျပ် ၁၅၀၀ ဝန်းကျင်ရှိခဲ့ရာက ယခု လက်ရှိတွင် ငွေကျပ် ၅၀၀ ဝန်းကျင်စီ ဈေးကျဆင်းခဲ့ကြောင်း၊ ပုံမှန်အရ လက်ရှိအချိန်သည် ကြက်သွန်နီဈေးကွက် ကျဆင်းချိန်ဖြစ်သော်လည်း ပြည်ပမှဝယ်ယူမှု ရှိနေသဖြင့် ဈေးကျဆင်းမှု နှေးကွေးခြင်းဖြစ်သည်။ "ဈေးကွက်အကြိုက်က အလတ်အရွယ်ပေါ့။ လက်လီရောင်းတဲ့သူတွေမှာ အကြီးက မရောင်းရဘဲ အလတ်အရွယ်က အများဆုံးရောင်းရတယ်။ ပြည်ပဝယ်လက်ကလည်း အသေးနဲ့အလတ်ပဲဝယ်တယ်။ လာမယ့်ရက်တွေမှာ ဈေးကျရင်လည်း ထိပ်စက တစ်ပိဿာ ငွေကျပ် ၁၂၀၀ ဝန်းကျင်လောက်နဲ့ အရည်အသွေးညံ့ရင် ငွေကျပ် ၁၀၀၀ အောက်ရောက်မယ်။ ကြက်သွန်သဘာဝအရ အသေးအလတ်က ရေရှည်အထားခံပြီးလှတယ်။ အရွယ်ကြီးတွေက ရက်ကြာလာရင် အလှနည်းသွားတယ်" ဟု ဆက်လက်ပြောကြားသည်။

ယခုစိုက်ပျိုးထွက်ရှိသော ကြက်သွန်နီ(အသစ်)များမှာ လာမည့် ဧပြီလထိ ဈေးကွက်သို့ ဝင်ရောက်လာမည်ဖြစ်၍ ဈေးကွက်သဘောတရားအရ အဝင်များသဖြင့်ဈေးကျဆင်းကြောင်း၊ လာမည့် ကြက်သွန်နီဈေးကွက် အနေအထားမှာ မြစ်သား(ထိပ်စ)တစ်ပိဿာ ငွေကျပ် ၁၂၀၀ ဝန်းကျင်ရှိနိုင်၍ အရည်အသွေးအရ ယင်းဈေးနှုန်းထက် လျော့ကျနိုင်ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ကြက်သွန်စိုက်ပျိုးထွက်ရှိမှုမှာ ပြီးခဲ့သည့်ဈေးကွက်မှ မိုးကြက်သွန်နီများမှာ စိုက်ပျိုးသူနည်းပါးခြင်းနှင့် ရာသီဥတုအခြေအနေကြောင့် တစ်ဧကလျှင် ကြက်သွန်နီ ပိဿာချိန် ၁၀၀၀ မှ ၂၀၀၀ ဝန်းကျင်သာ ထွက်ရှိခဲ့ပြီး ယခုဈေးကွက်မှ ကြက်သွန်နီမှာ တစ်ဧကလျှင် ပိဿာချိန် ၃၀၀၀ ဝန်းကျင်ထိထွက်ရှိရာ ထွက်နှုန်းကောင်းလာကြောင်းသိရသည်။

**Source: မကွေးဂျာနယ်**

## လန်ချန်း-မဲခေါင် အထူးရန်ပုံငွေ စီမံကိန်းလှုပ်ရှားမှုအဖြစ် မြန်မာနိုင်ငံ မက္ကဒေးမီးယားအစေ့ အရောင်းပြပွဲကျင်းပ



https://t.me/sdtimedaily

မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ လန်ချန်း-မဲခေါင် အထူးရန်ပုံငွေ စီမံကိန်းလှုပ်ရှားမှုဖြစ်သည့် မြန်မာနိုင်ငံ မက္ကဒေးမီးယားအစေ့ အရောင်းပြပွဲကို မန္တလေးတိုင်းဒေသကြီးရှိ ပြင်ဦးလွင်မြို့၌ ဖေဖော်ဝါရီ ၇ ရက်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ မက္ကဒေးမီးယားအစေ့အရောင်းပြပွဲသည် လန်ချန်း-မဲခေါင် အထူးရန်ပုံငွေ စီမံကိန်းဖြစ်သည့် 'လန်ချန်း-မဲခေါင်ဒေသ အသေးစား တောင်သူ မက္ကဒေးမီးယားအစေ့လုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှု' စီမံကိန်း၏ အဓိကအကြောင်းအရာဖြစ်ပြီး ယင်းစီမံကိန်းမှ အသေးစား တောင်သူများထံ အရည်အသွေးမြင့်ပျိုးပင်များထောက်ပံ့ပေးခြင်း၊ စိုက်ပျိုးရေးစံပြဇုန်တည်ဆောက်ခြင်း၊ စိုက်ပျိုးအခြေခိုင်သည့် နည်းပညာလေ့ကျင့်မှုပေးခြင်းတို့ဖြင့် မြန်မာနိုင်ငံ၏ မက္ကဒေးမီးယားအစေ့ထုတ်လုပ် ၊ အချောကိုင်မှုနှင့် ဈေးကွက်တွင် ရောင်းချသည့် စွမ်းရည်ကိုမြှင့်တင်ပေး၍ မြန်မာနိုင်ငံ မက္ကဒေးမီးယားအစေ့ကို နိုင်ငံတကာဈေးကွက်သို့ တစ်ဆင့်တိုး ဝင်ရောက်ရန် ကူညီပေးမည်ဟု တရုတ်သံရုံးက ဂုဏ်ပြုသဝဏ်လွှာ ပေးပို့ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံသည် ၁၉၈၂ ခုနှစ်မှစ၍ မက္ကဒေးမီးယားအစေ့ကို စိုက်ပျိုးခဲ့ခြင်းဖြစ်ပြီး လန်ချန်း-မဲခေါင်စီမံကိန်း အကောင်အထည်ဖော်ဆောင်ခြင်းမှာ မြန်မာနိုင်ငံက အထွက်နှုန်း၊ အရည်အသွေးနှင့်တင်ပို့နိုင်မှုစွမ်းရည် မြှင့်တင်ခြင်းအတွက် အကူညီပေးကြောင်း သိရသည်။

ယင်းမှတစ်ဆင့် မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်မှ ကျေးရွာတည်ဆောက်ရေးနှင့် တောင်သူများ ဆင်းရဲနွမ်းပါးမှုပပျောက်ရေးလုပ်ငန်းကို ဖော်ဆောင်ပေးကြောင်း သိရသည်။

**Source:** https://t.me/sdtimedaily

## ယခုနှစ်ကြံရာသီတွင် ကြံတစ်တန်ကို ၉၅၀၀၀ ကျပ်ဈေးဖြင့် ဝယ်ယူမည်


https://www.popularmyanmar.com/?p=103131

၂၀၂၂-၂၀၂၃ ကြံရာသီတွင် ကြံတစ်တန်လျှင် (၉၀၀၀၀) ကျပ်ဈေးဝယ်ယူခဲ့ရာမှ ယခုကြံတစ်တန်လျှင် (၉၅၀၀၀) ကျပ်ဈေးဖြင့် ဝယ်ယူမည်ဖြစ်ကြောင်း ငွေရည်ပုလဲ သကြားကုမ္ပဏီမှ အသိပေးကြေညာထားသည်။

အဆိုပါ တိုးမြှင့်ငွေ (၅၀၀၀) ကျပ်ကို ကြံရာသီပြီးမှသာ ထုတ်ပေးမည် ဖြစ်ကြောင်းသိရသည်။ လက်ရှိတွင်လည်း မြန်မာနိုင်ငံကထွက်ရှိသည့် သကြား တွေကို ပြည်ပနိုင်ငံအချို့က ဝယ်ယူရန်ကမ်းလှမ်းမှုတွေ ရှိနေကြောင်းလည်း သိရသည်။

လက်ရှိတွင် ဗီယက်နမ်နိုင်ငံ တစ်ခုတည်းကိုသာ မြန်မာ့သကြား တန်ချိန် (၄) သောင်းခွဲ တင်ပို့ရောင်းချရန် စာချုပ်ချုပ်ဆိုထားပြီး တန်ချိန် (၅၀၀၀) ခန့်သာ တင်ပို့ရသေးကြောင်း၊ ပြည်တွင်း၌ သကြားစားသုံးမှု မြင့်တက် လာသည့် အပြင် ပြည်ပကနေလည်း တင်သွင်းမှုလျော့နည်းလာခြင်းကြောင့် ယခုနှစ်တွင် ပြည်ပသို့ သကြားတင်ပို့မှု လျော့နည်း သွားခြင်းဖြစ်ကြောင်း သိရသည်။

၂၀၂၂-၂၀၂၃ ကြံရာသီတွင် ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် စစ်ကိုင်းတိုင်း ကသာမြို့တွင် တန် ၁၂၀၀၀ နှင့် တန် ၅၀၀၀ သကြားစက်များ လည်ပတ်နေတာကြောင့် လာမည့်နှစ်တွေကစပြီး ပြည်တွင်းသကြားထုတ်လုပ်မှု မြင့်တက်လာနိုင်ကြောင်း မြန်မာနိုင်ငံသကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းက ခန့်မှန်းထားသည်။

မြန်မာနိုင်ငံတွင် နှစ်စဉ် သကြားထုတ်လုပ်မှု တန်ချိန် ၄ သိန်းခွဲခန့်ရှိပြီး အစောပိုင်းကာလများတွင် နယ်စပ်ဖြတ်ကျော် လမ်းကြောင်းတွေကနေတစ်ဆင့် တရုတ်နိုင်ငံကို တင်ပို့ရောင်းချခဲ့သော်လည်း လက်ရှိတွင် ဗီယက်နမ်နိုင်ငံ တစ်ခုတည်း ကိုသာ ပင်လယ်ရေကြောင်းကနေ တင်ပို့ရောင်းချနေပြီး တရုတ်ကိုတော့ ကြံအချောင်းလိုက်တင်ပို့နေခြင်းဖြစ်ကြောင်း သိရသည်။

**Source:** https://www.popularmyanmar.com/?p=103131

## ပြည်ပသို့ဆန်တင်ပို့မှုများ ခေတ္တဆိုင်းငံ့ပြီး ပြည်တွင်း၌သာရောင်းချပေးရန် ဆန်စပါးအသင်း မေတ္တာရပ်ခံ

ပြည်ပနိုင်ငံများသို့ ဆန်တင်ပို့မှုများကို ခေတ္တဆိုင်းငံ့ပြီး ပြည်တွင်း၌သာရောင်းချပေးရန် ဆန်တင်ပို့သည့် လုပ်ငန်းရှင်များကို မေတ္တာရပ်ခံခဲ့ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းထံမှသိရသည်။

ယမန်နေ့ (ဖေဖော်ဝါရီ ၁၁ ရက်) တွင် UMFCCI ၌ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ တိုင်းနှင့်ပြည်နယ်ရှိ ဒေသကော်မတီများ၊ ကုန်စည်ဒိုင်များ၊ ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင်များ၊ ပြည်ပသို့ဆန်တင်ပို့သည့် ကုမ္ပဏီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မြန်မာနိုင်ငံဆန်စပါးအသင်းက မေတ္တာရပ်ခံခဲ့ခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းဒုတိယဥက္ကဋ္ဌ ဒေါက်တာစိုးထွန်းက စံတော်ချိန်ဒစ်ဂျစ်တယ်သို့ပြောသည်။ "အခုလက်ရှိပြည်တွင်းဆန်ဈေးက တောက်လျှောက်တက်နေတယ်။ ဒါကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနဲ့ ညှိပြီးတော့ ပြည်ပတင်ပို့တဲ့ ပေါ်လစီကို ပြန်သုံးသပ်တာတို့၊ ဘယ်လောက်တင်ပို့တဲ့စနစ်သတ်မှတ်တာတို့ ဒါတွေလုပ်မှာပေါ့။ Exporter တွေကိုလည်း လောလောဆယ်ဖြစ်နိုင်ရင် မေတ္တာရပ်ခံထားတာ။ ဆန်တွေသင်္ဘောတွေတင်တဲ့ဟာတွေကို ဆိုင်းလို့ရရင်ဆိုင်းငံ့ဖို့၊ စာချုပ်ဖျက်တာတွေဖျက်ဖို့ ဒါတွေလုပ်ခဲ့တာ။ ပြည်ပပို့မယ့်ဆန်တွေ ပြည်တွင်းမှာပဲ ပြန်ရောင်းပေးဖို့၊ Export နည်းသွားရင် ဝယ်လိုအားကျသွားရင် ပြည်တွင်းမှာဆန်ဈေးပြန်တည်ငြိမ်လာမှာပါ" ဟု ၎င်းကပြောသည်။

ယင်းအစည်းအဝေးတွင် ပြည်တွင်းပြည်ပဆန်ဈေးနှုန်းနှင့် ဈေးကွက်အခြေအနေ၊ ၂၀၂၂-၂၃ ဘဏ္ဍာနှစ်တွင် ဆန်၊ ဆန်ကွဲ ပြည်ပတင်ပို့မှုအပေါ် တန်ချိန်နှစ်သန်းတင်ပို့ရန်ရည်မှန်းထားရာ ၂၀၂၂ ဇန်နဝါရီလကုန်အထိ ၁ ဒသမ ၉ သန်း တင်ပို့နိုင်ခဲ့ပြီး ဖေဖော်ဝါရီနှင့်မတ်လတို့တွင် တန်ချိန် ၁ ဒသမ ၅ သိန်းကျစီဖြင့် တန်သုံးသိန်း တင်ပို့ရန်လျာထားမှု၊ ပြည်တွင်းဆန်ဈေးနှုန်း တည်ငြိမ်စေရေး ပူးပေါင်းဆောင်ရွက်မည့်အစီအစဉ်၊ ကုန်စည်ဒိုင်များ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်အစိုးရ၏မူဝါဒများနှင့် ၎င်းတို့၏အားသာချက်၊ အားနည်းချက်များအပေါ် ဆန်းစစ်သုံးသပ်အကြံပြုတင်ပြရန်ကိစ္စများကို ဆွေးနွေးခဲ့ကြောင်း၊ ပြည်ပနိုင်ငံများသို့တစ်နှစ်လျှင် ဆန်တန်ချိန်နှစ်သန်းကို တင်ပို့လျက်ရှိကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းထံမှသိရသည်။

ထို့ပြင် ယခင်ကကဲ့သို့ ကုန်စည်ဒိုင်များမှတစ်ဆင့် သက်သာသည့်ဈေးနှုန်းနှင့် အခြေခံလူတန်းစားများအတွက် ရောင်းချပေးခြင်းများ ပြန်လည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အထူးသဖြင့် အခြေခံလူတန်းစားများ၊ စက်ရုံများတွင်ရှိသည့် အလုပ်သမားများ၊ ဝန်ထမ်းများအတွက် သက်သာသည့်ဈေးနှုန်းနှင့် ရောင်းချမည့်အစီစဉ်များ ပြန်လည်အကောင်အထည်ဖော်ရန်ကိစ္စရပ်များကို ယမန်နေ့အစည်းအဝေးတွင် ဆွေးနွေးခဲ့ကြကြောင်းသိရသည်။

လက်ရှိတွင် ရွှေဘိုပေါ်ဆန်းတစ်အိတ်လျှင် ၇၈၀၀၀ မှ ၈၇၀၀၀၊ ပေါ်ဆန်းရှယ် ၆၇၀၀၀ မှ ၆၈၀၀၀၊ ကျားပျံရှယ် ၇၄၀၀၀ မှ ၇၆၀၀၀၊ ရက် (၉၀) ရှယ်(ဟောင်း) ၅၈၀၀၀ မှ ၆၀၀၀၀ နှင့် ခွဲနီရှယ်(သစ်) ၆၀၀၀၀ မှ ၆၁၀၀၀၀ ထိ ပေါက်ဈေး ရှိကြောင်း ဆန်စပါးကုန်သည်များအသင်း၏ ဖေဖော်ဝါရီ ၁၀ ရက်ထုတ်ပြန်ချက်အရသိရသည်။

**Source: https://t.me/sdtimedaily**

## ရန်ကုန်တိုင်းရှိ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ မှတ်ပုံတင်လျှောက်ထားနိုင်

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများအနေဖြင့် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနတွင် မှတ်ပုံတင်လျှောက်ထားနိုင်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများတွင် မိသားစုဝင်များဖြင့် လုပ်ကိုင်သော လုပ်ငန်းများ၊ အလုပ်သမား ငှားရမ်းအသုံးပြု၍ လုပ်ကိုင်သောလုပ်ငန်းများ၊ စုပေါင်းလုပ်ငန်းများ၊ ကုန်ပစ္စည်းထုတ်လုပ်ခြင်း သို့မဟုတ် ပြုပြင်မွမ်းမံသည့်လုပ်ငန်းများတွင် မြင်းကောင်ရေ သုည ဒသမ ၂၅ နှင့်အထက်၊ ငါးကောင်အားအောက် အသုံးပြုပြီး အလုပ်သမားကိုးဦးထပ်မပိုသော အိမ်တွင်းစက်မှုလုပ်ငန်းနှင့် အလုပ်သမားသုံးဦးနှင့်အထက်ရှိသော အိမ်တွင်းလက်မှုလုပ်ငန်းများ မှတ်ပုံတင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

လျှောက်ထားရာတွင် စားသောက်ကုန်လုပ်ငန်းများဖြစ်ပါက ဓာတ်ခွဲစမ်းသပ်မှုရလဒ်များ၊ တိုင်းရင်းဆေးဝါးဖြစ်ပါက သက်ဆိုင်ရာ တိုင်းရင်းဆေးပညာဦးစီးဌာနက ထုတ်ပေးသည့်လိုင်စင်နှင့် မှတ်ပုံတင်လက်မှတ်၊ သစ်အခြေပြု အိမ်တွင်းစက်မှုလုပ်ငန်းတွင်အသုံးပြုသည့် ပြန်စိတ်စက်ငယ်လုပ်ငန်းနှင့် ပရိဘောဂလုပ်ငန်းများဖြစ်ပါက သစ်စက်နှင့်

သစ်ဆိုင်များမှ ဝယ်ယူသောတရားဝင်သစ်ပြေစာများ၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် သစ်တောဦးစီးဌာန၏ ထောက်ခံစာ၊ အခြားထုတ်ကုန်ပစ္စည်းများအတွက် သက်ဆိုင်ရာအထောက်အထား စာရွက်စာတမ်းများ၊ သက်ဆိုင်ရာ ရပ်ကွက်ထောက်ခံစာနှင့်အတူ လျှောက်လွှာပုံစံ(၁)သုံးစုံ၊ လိုင်စင်ဓာတ်ပုံငါးပုံ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူသုံးစောင်ဖြင့် ပူးတွဲတင်ပြရမည်ဖြစ်ပြီး လုပ်ငန်းမှတ်ပုံတင်ကြေးမှာ ကျပ် ၁၀၀၀၀ ဖြစ်ကြောင်း သိရသည်။

မိမိတို့လုပ်ငန်းအတွက် ခိုင်မာသောလုပ်ငန်းရှင်များအဖြစ် ရပ်တည်လိုပါက ရန်ကုန်တိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အမှတ်(၁၃၇) သုခမ္မာလမ်းမကြီး မြောက်ဥက္ကလာပမြို့နယ် ဖုန်း- ၀၁-၆၆၅၈၀၆သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

**Source: https://t.me/sdtimedaily**

## ထိုင်းဆန် တန်ချိန် ၇ သန်းခွဲ တင်ပို့ရန်လျာထား



https://www.foodindustrydirectory.com.mm

ထိုင်းနိုင်ငံသည် ယခုနှစ်တွင် ဆန်တန်ချိန် ၇ ဒသမ ၅ သန်း တင်ပို့ရန် ရည်မှန်းထားသည်။

၂၀၂၂ ခုနှစ်တွင် တင်ပို့ခဲ့သည့် တန်ချိန် ၇ ဒသမ ၆၉ သန်းထက် အနည်းငယ် လျော့နည်းပါသည်။

ထိုင်းနိုင်ငံ ဆန်တင်ပို့သူများအသင်းနှင့် ညှိနှိုင်းပြီးနောက် နိုင်ငံခြားကုန်သွယ်မှုဌာန ညွှန်ကြားရေးမှူးချုပ် Ronnarong Phoolpipat က ယခုနှစ်အတွင်း ကမ္ဘာ့ဆန်ဝယ်လိုအား အားကောင်းနေဆဲဖြစ်ကြောင်း ပြောကြားသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် လုပ်ရှားမှုအမျိုးမျိုးဖြင့် ထိုင်းဆန်တင်ပို့မှုကို ဆက်လက်မြှင့်တင်သွားရန် စီစဉ်နေကြောင်း ၎င်းကပြောသည်။

သို့သော်လည်း ဘတ်ငွေ မငြိမ်မသက်ဖြစ်မှုကို Mr Ronnarong က သတိပေးခဲ့ပြီး ဘတ်ငွေတန်ဖိုးတက်ပါက ပို့ကုန်ဆန်ဈေးမြင့်တက်သဖြင့် ပြိုင်ဖက်ဆန်များထက် ဈေးပိုကြီးနေနိုင်ကြောင်း သတိပေးခဲ့သည်။

နိုင်ငံခြားကုန်သွယ်မှုဌာန၏ အစီရင်ခံစာအရ ထိုင်းနိုင်ငံသည် ယမန်နှစ်က ဆန်တန်ချိန် ၇.၆၉ သန်း တင်ပို့ခဲ့သည်။ ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ ရည်မှန်းထားသည့် တန်ချိန် ၇ ဒသမ ၅ သန်းကို ကျော်လွန်ခဲ့သည်။ ၂၀၂၁ ခုနှစ်တွင် တန်ချိန် ၆.၃ သန်း တင်ပို့နိုင်ခဲ့သည်ထက် ၂၂% ပိုများသည်။

ယမန်နှစ်က ထိုင်းနိုင်ငံသည် ဆန်တန်ချိန် ၂၁ ဒသမ ၉ သန်း တင်ပို့ခဲ့သည့် အိန္ဒိယနိုင်ငံပြီးလျှင် ကမ္ဘာ့ဒုတိယအများဆုံး ဆန်တင်ပို့သည့် နိုင်ငံဖြစ်ခဲ့ပါသည်။ ဗီယက်နမ်သည် ဆန်တင်ပို့မှုတန်ချိန် ၆ ဒသမ ၃၁ သန်းဖြင့် တတိယနေရာတွင်ရှိနေသည်။

အီရတ်သည် ထိုင်းဆန်တန်ချိန် ၁ ဒသမ ၆ သန်းကို ယမန်နှစ်က ဝယ်ယူခဲ့ပြီး ထိုင်းဆန် အများဆုံးဝယ်ယူသည့် နိုင်ငံဖြစ်သည်။ တောင်အာဖရိကနိုင်ငံသည် ထိုင်းဆန် တန်ချိန် ၇၇၅,၀၀၀ တင်သွင်းခဲ့ပြီး ဒုတိယအများဆုံးဖြစ်သည်။

တရုတ်နိုင်ငံက တန်ချိန် ၇၅၀,၀၀၀၊ အမေရိကန်ပြည်ထောင်စုက တန်ချိန် ၆၅၀,၀၀၀၊ ဘီနင်နိုင်ငံက တန်ချိန် ၃၂၁,၀၀၀ အသီးသီး ဝယ်ယူခဲ့သည်။

**Source: Bangkokpost**

https://www.foodindustrydirectory.com.mm/food-industry/cuisine/thinland/item/5772-thai-rice.html

# STOCK EXCHANGE (13.2.2023)

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 13th Feb. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,686 (Shares) | 23,139,550 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,500 | +0 | +0.00% | 8,500 | 8,500 | 8,500 | 1,044 | 8,874,000 | 33,109,694 | 281,432 |
| MTSH | 00002 | 3,250 | +0 | +0.00% | 3,250 | 3,300 | 3,200 | 3,652 | 11,719,050 | 38,929,150 | 126,520 |
| MCB | 00003 | 7,600 | +0 | +0.00% | 7,600 | 7,600 | 7,600 | 3 | 22,800 | 10,400,986 | 79,048 |
| FPB | 00004 | 1,800 | +100 | +5.88% | 1,900 | 1,900 | 1,800 | 670 | 1,252,000 | 24,720,530 | 44,497 |
| TMH | 00005 | 2,500 | -100 | -3.85% | 2,600 | 2,600 | 2,500 | 119 | 301,400 | 12,823,224 | 32,058 |
| EFR | 00006 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 0 | 0 | 19,977,223 | 51,941 |
| AMATA | 00007 | 4,900 | -100 | -2.00% | 5,000 | 5,000 | 4,900 | 198 | 970,300 | 10,497,598 | 51,438 |


## Market summary

As of 13th Feb. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 383.38 | -4.89 | -1.26% | 386.14 | 386.14 | 383.38 | 5,686 | 23,139,550 | 7 | 666,934 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 13th Feb. 2023

| Trading Volume | Trading Value |
|---|---|
| 5,686 (Shares) | 23,139,550 (MMK) |

### Main Board

As of 1:00 pm, 13th Feb. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,686 (Shares) | 23,139,550 (MMK) |

| MYANPIX | 383.38 ▼ 4.89 |
|---|---|
| Total Volume (shares) | 5,686 |
| Total Value (MMK) | 23 mil |
| Listed Company | 7 |
| Market Cap. (MMK) | 666,934 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,500 | ▲ 0 |
| MTSH | 00002 | 3,250 | ▲ 0 |
| MCB | 00003 | 7,600 | ▲ 0 |
| FPB | 00004 | 1,800 | ▲ 100 |
| TMH | 00005 | 2,500 | ▼ 100 |
| EFR | 00006 | 2,600 | ▲ 0 |
| AMATA | 00007 | 4,900 | ▼ 100 |